

# အိုရှိုး၏ စိတ်ဆောင်သမျှ အားလုံးလုပ်

အောင်မေဃ

## အခန်း (၁)
## ပြိုလဲနေတဲ့ ပုံစံ

(၁၇) နှစ်အရွယ် ကေဆီဗနာ(လ်)ကို လူငယ်တစ်ယောက်မေးတယ်။

"မင်း ဘုရားကို ယုံလား"

ဒီမေးခွန်းက သာမန်အားဖြင့်တော့ ရိုးရိုးသားသား မေးခွန်းဖြစ်နိုင်ပေမယ့် ဒီတုန်းက အခြေအနေက သာမန်မဟုတ်ခဲ့ဘူး။ အဲဒီမိန်းကလေးရဲ့ အသက်က သူမရဲ့ အဖြေပေါ် မူတည် နေပါတယ်။ မေးခွန်းမေးတဲ့ အဲဒီလူငယ်က သူမခေါင်းကို သေနတ်နဲ့ တေ့ပြီး မေးခွန်း မေးနေခဲ့တာပါ။

ကေဆီက သူမ လက်ကောက်ဝတ်မှာ ယေရှုပုံပါတဲ့ ဟန်းချိန်း ဝတ်ဆင်ထားတယ်။ ဒါကြောင့် သေနတ်တေ့ထားသူက သူမကို စိတ်ဝင်စားနေတယ်။ သေမင်းခံတွင်းဝမှာ ရပ်နေတဲ့ ကေဆီက ဟိုလူငယ် ဘယ်လိုအဖြေမျိုး မျှော်မှန်းထားသလဲဆိုတာကိုလည်း မသိလေတော့ ပါးစပ်ထဲက ထွက်မိထွက်ရာ 'ယုံတယ်' လို့ ဖြေလိုက်ပါတယ်။

ဒီ အ ချိန် မှာ ပဲ သေနတ်ပြောင်းဝက ကျည်ဆန်ထွက် လာပြီး ဦးခေါင်းခွံကို ဖောက်ထွက် သွားပါတော့တယ်။

အမေရိကန်ပြည်ထောင်စု ကိုလံဘီယာအထက်တန်းကျောင်းမှာ

မနှစ်ကတင်ဖြစ်ခဲ့တဲ့ ဒီဖြစ်ရပ်က အမေရိကန်အပါအဝင် ကမ္ဘာတစ်ခုလုံးအတွက် စိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ် ဖြစ်ခဲ့တယ်။ အဲ ဒီ ကျော င်း မှာ ပဲ တချို့ကျောင်းသားတွေက ကျောင်းသူကျောင်းသားတွေကို သေနတ်နဲ့ အရမ်းကာရော ရက်ရက်စက်စက် ပစ်သတ်ခဲ့ကြတယ်။

အမေရိကန်သမ္မတကလင်တန်က ဒီဖြစ်ရပ်ကြောင့် အလွန်အမင်း စိတ်ထိခိုက်ကြောင်း ကြေညာခဲ့ပြီး လူမှုရေးအကူအညီပေးတဲ့ အဖွဲ့နဲ့ ဘာသာရေးအဖွဲ့အစည်းတွေက ဒီကိစ္စကို ဘာသာရေးလမ်းကြောင်းလွဲနေတဲ့ ဆိုးဆိုးဝါးဝါး စိတ်ပိုင်းဒဏ်ရာခံစားနေရတဲ့ လမ်းမှားနေတဲ့ လူငယ်တွေရဲ့ လုပ်ရပ်ပဲဆိုပြီး ကဲ့ရဲ့ ရှုတ်ချခဲ့ကြတယ်။ တချို့က လူသတ်သမားတွေကို ဘီလူး သဘက် ကိုးကွယ်သူတွေလို့ ပြစ်တင်ခဲ့ကြတယ်။

ကေဆီကတော့ နေ့ချင်းညချင်း သူ့ရဲကောင်းစာရင်းဝင် ဖြစ်သွားတော့တာပါပဲ။ သူမက ဘုရားယုံကြည်လို့ ပစ်သတ်ခံခဲ့ရတာဆိုတော့ အမေရိကန်လူငယ်တွေမှာ ဘာသာရေးစိတ်ဓာတ် ဒီရေလို တက်လာခဲ့ပါတယ်။ ကေဆီ ဝတ်ဆင်ထားခဲ့တဲ့ လက်ကောက်မျိုး တွင် တွင် ကြီး အရောင်းသွက်သွားခဲ့သလို ဘာသာရေးအထိမ်းအမှတ်ပါတဲ့ အဝတ်အထည်တွေ၊ ဦးထုပ်တွေကို လူငယ်တွေ ဝတ်ဆင်လာခဲ့ကြတယ်။ ဘာသာရေးအထိမ်းအမှတ် ဆေးမင်ကြောင်ထိုး လာကြတယ်။

ဒီလူတွေက နေ့ချင်းညချင်း တကယ်ပဲ ဘာသာရေးသမားတွေ ဖြစ်သွားကြသလား။ ဒီလိုမှ မဟုတ်ရင် သူတို့ ကိုယ်တိုင် ဘုရားနဲ့

ပတ်သက်လို့ သံသယတွေကြောင့် ထိတ်လန့်ပြီး တုံ့ပြန်လာခဲ့ကြသလား။

ကေဆီကို ပစ်သတ်တဲ့ လူငယ်က စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းချက်တွေ ရှိခဲ့ကြတဲ့ လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ခုပဲလား သို့မဟုတ် လူမှုအဖွဲ့အစည်းပုံစံနဲ့ အာဏာရှိသူတွေ အပေါ် ဖြစ်လာတဲ့ ကိုယ့်ဒေါသကို ဒီရက်စက်မှုနဲ့ တုံ့ပြန်ဖော်ပြသလား၊ တော်လှန်ကြတာလား၊ ကေဆီလူသတ်မှုက အမြင့်ဆုံးစွမ်းအားအထိမ်းအမှတ် ဘုရားနဲ့ ပတ်သက်လို့ ဒေါသကို ထုတ်ဖော်ပြတာလားဆိုတာတွေကို သို့လော သို့လော တွေးတောသုံးသပ်ခဲ့တာ အများ အပြားပါ။

ကျွန်တော်တို့ တတိယထောင်စုနှစ်ထဲ ဝင်ပြီးနေကြပါပြီ။ သိပ္ပံပညာက ထာဝရဘုရားရှင် ဆိုတဲ့ သဘောတရားကို အရှိန်အဟုန်နဲ့ အမြန်ဆုံး ပျောက်ကွယ်ချုပ်ငြိမ်းသွားအောင် လုပ်ပေးနေပါတယ်။ ရှေးက ယုံကြည်မှုပုံစံတွေအားလုံး ပြိုလဲလာနေတယ်။ မိသားစုပုံစံလည်း ပြိုကွဲပျက်စီးလာနေတယ်။ ရှေးက ယုံကြည်မှုတွေ အန္တရာယ်ကြုံလာနေတယ်။

အ နာ ဂ တ် မှာ မျိုးရိုးဗီဇ၊ စက်မှုအတတ်ပညာနဲ့ ရုပ်ဒြပ်မှ အသက်ဇီဝပစ္စည်း ထုတ်လုပ်နိုင်မှု အတတ်ပညာက ဘယ်လိုဇီဝအာဟာရ ပစ္စည်းမဆို ဘယ်လိုအသက်ပုံစံသစ်တွေမဆို ထု တ် လု ပ် ရာ မှာ အောင်မြင်မှုရရှိသွားပါလိမ့်မယ်။ ဒါနဲ့ အတူ ကော င်း က င် ဘုံ မှာ ထိုင်နေတဲ့ ဘုရားရဲ့ ရပ်တည်မှုက အန္တရာယ်ကြုံလာနေရပါတယ်။

ဒီနေ့ ကျွန်တော်တို့ ဘယ်တုန်းကနဲ့ မှ မတူတဲ့ ကံကောင်းတဲ့

ကာလထဲကို ခြေချနေကြပါပြီ။ ရှေးက အသက်မဲ့နေတဲ့ စံထားချက်တွေနဲ့ လွန်ပြီး လူတွေက ခုန်ပျံကျော်လွှားပြီး မမျှော်လင့်တဲ့ ဖွံ့ဖြိုးမှုထဲ ရောက်သွားနိုင်ပါတယ်။ အခြားတစ်ဖက်မှာ လည်း နောက်ပြန်စွဲအယူသမားတွေ၊ စိတ်ဓာတ်ကျနေတဲ့ မအောင်မြင်သူတွေက စုစုစည်းစည်းနဲ့ တိုးတက်ဖွံ့ဖြိုးလာနေကြတယ်။ ဒီလူတွေလက်ထဲမှာ လည်း လူသားတွေ အကြမ်းဖက်ခံရပြီး မိသွားဖို့ အန္တရာယ်တွေရှိနေတယ်။ ဒီတော့ အဲဒီ အမှောင်ထုကို တိုက်ဖျက်ဖို့ လည်း အားထုတ်နေရပါသေးတယ်။

ဒီလိုဖြစ်နေတာရဲ့ ဥပမာကောင်းတစ်ခုက အာဖဂန်က တာလီဘန်တွေပဲ။ သူတို့ ချုပ်ကိုင်ထားတဲ့ နေရာဒေသတွေမှာ ဘာသာရေးနဲ့ ဆန့်ကျင်မှုတွေ၊ အဲဒီရုပ်မြင်သံကြားတွေ ပေါ်လာလို့ ဖန်သားပြင်ကို အမည်းရောင်သုတ်ထားကြတယ်။ အဲဒီက အမျိုးသမီးတိုင်း ပါမောက္ခပဲ ဖြစ်ဖြစ်၊ ဆရာဝန်ပဲဖြစ်ဖြစ်၊ အင်ဂျင်နီယာပဲဖြစ်ဖြစ် သူတို့ အလုပ် သူတို့ လုပ်ခွင့်မရှိဘူး။

တ ချို့ နိုင် ငံ တွေ မှာ မျက်ကန်းမျိုးချစ်တွေက ရွေးကောက်ပွဲနဲ့ အာဏာရလာတာလည်း ရှိတယ်။ ကက်ရှ်မီးယား၊ ကိုဆိုဗို၊ အင် ဒို နီး ရှား တွေ မှာ ဘာသာရေးမျိုးတုံး အကြမ်းဖက်သတ်ဖြတ်တဲ့ လုပ်ငန်းတွေကလည်း ပေါ်ပေါက်နေတယ်။

ဒီလိုဖြစ်လာနေတာက ပုံစံဟောင်းတွေ ပြိုလဲသွားပေမယ့် စိတ်ချမ်းချမ်းသာသာနဲ့ စိတ်အေးလက်အေးနေထိုင်နိုင်ဖို့ နည်းလမ်းတစ်ခုခု၊ စိတ်ကူးတစ်ခုခု ထွက်ပေါက်မရရှိနိုင် ကြလို့ ပါပဲ။

စုစည်းနေတဲ့ မျက်ကန်းယုံကြည်သူတွေကြောင့် ကမ္ဘာအနှံ့မှာ ရက်စက်ကြမ်းကြုတ်မှုနဲ့ သတ်ဖြတ်မှုတွေ၊ မင်းမဲ့စရိုက်

လုပ်ဆောင်မှုတွေ မင်းမူနေတာတွေကနေ လွတ်ဖို့ ၊ စိတ်ချမ်းချမ်းသာသာ နေတတ်ဖို့ နည်းလမ်းတွေ ရှိပါတယ်။ အဲဒါ ဘာလဲဆိုရင် လူရဲ့ စစ်မှန်တဲ့ ပင်ကိုသဘော၊ မေတ္တာ၊ လွတ်လပ်မှုတွေကို မြှင့်တင်ပေးတဲ့ သတိပြည့်တဲ့ လူမှုဘဝစနစ်တစ်ခု ဖွံ့ဖြိုးစေဖို့ ပါပဲ။ ဒီနည်းနဲ့ သာ ထွက်ပေါက်ရရှိနိုင်မှာ ပါ။

အိုရှိုးပြောထားတာ ရှိပါတယ်။ 'ဘယ်နည်းနဲ့ မဆို ဒီကမ္ဘာ ဒီလူသားတွေကို မဟာဝိပတ္တိကာလဆိုးကနေ ကာကွယ်ရပါလိမ့်မယ်။ အတိတ်က လုပ်ရပ်တွေရဲ့ စုပေါင်းရလဒ်က နောက်ကနေ အရိပ်မည်းလို လိုက်လာနေတယ်။ ဒီတော့ အဲဒီ လူ့စိတ်က ချုပ်ငြိမ်းသွားဖို့ လိုတယ်။ ဒီအတွက် အတိတ်ကို ဆေးကြောပစ်ရပါမယ်။

ခေတ်သစ်ပညာရေးစနစ်တစ်ခုလုံးက ပျော်ပျော်ရွှင်ရွှင် ကစားခုန်စားမှုအပေါ်၊ မေတ္တာအပေါ်၊ ကြင်နာယုယမှုအပေါ်၊ လွတ်လပ်မှုအပေါ်၊ ရှင်သန်နေမှုအပေါ် ဗဟိုပြုနေဖို့ လိုအပ်ပါတယ်။ ဒါက ကျွန်တော့်ရဲ့ မျှော်မှန်းချက်ပါပဲ'။

'အချိန်သိပ်မရှိလှတော့ပါဘူး။ ဒီလူမိုက်တွေက နှစ်ပေါင်းထောင်ပေါင်းများ စွာကတည်းက ကြိုးစားအားထုတ်ခဲ့မှုက ဒီနေ့ကမ္ဘာကြီးကို တစ်ကြိမ်ဖျက်ရုံနဲ့ လုံလောက်ပေမယ့် သူတို့ လ က် ထဲ မှာ ခုနစ်ကြိမ်မက ဖျက်ဆီးနိုင်တဲ့ အဏုမြူစွမ်းအားတွေ ရှိနေကြပါပြီ။ ဒီအခြေအနေမှာ ကျန်တဲ့ လူတွေထဲက အစွမ်းသတ္တိရှိရှိနဲ့ အတိတ်အားလုံးကို မတော်လှန်နိုင်ဘူးဆိုရင် . . . . .'

'ကျွန်တော် အသင်တို့ ကို ရွေးချယ်ဖို့ ပြောနေတာမဟုတ်ပါဘူး။ အကောင်းကို ရွေးပြီး မကောင်းတာကို စွန့်လွှတ်လိုက်ပါလို့ ပြောနေတာ

မဟုတ်ပါဘူး။ သူတို့ အားလုံး အတူတူ ရှိနေကြတယ်။ သင်တို့ ကလည်း ဒါမျိုးကို လုပ်နိုင်မှာ မဟုတ်ဘူး ။ အတိတ်ကို လုံးဝသုတ်သင်ပစ်၊ ပစ္စုပ္ပန်တည့်တည့်ကိုရောက်အောင်လုပ်။ ကမ္ဘာမြေပေါ်မှာ ရှေးဦးကာလကတည်းကရှိနေသလိုမျိုး၊ ဘယ်သမိုင်းမှ မရှိခဲ့သလိုမျိုး နေနိုင်မှ သာ အလားအလာဆိုတာ ရှိလာမှာ ပါ။ ဒါမှ မေတ္တာပြည့်နိုင်မယ်။ အမွေးရနံ့ သင်းပျံ့နိုင်မယ်။ လူတိုင်းကို လေးစားမှုနဲ့ ပြည့်တဲ့ ၊ လှပတဲ့ ၊ တင့်တယ်တဲ့ ကမ္ဘာသစ်ကို တည်ဆောက်နိုင်မယ်’။

ဒါကို တချို့က လုံးဝမဖြစ်နိုင်တဲ့ ကိစ္စပဲလို့ ထင်မှတ်နိုင်ပါတယ်။ ဒါပေမဲ့ သတိထားဖို့ က အခုအထိ လူသားတွေ ရပ်တည်နေတာဟာ အမှန်ကို ထိုးထွင်းရှုမြင်ခဲ့သူတွေရဲ့ အမှန်တရား အလင်းကြောင့် ပါ။ အဲဒီလို အမှန်ကို ရှုမြင်ခဲ့တဲ့ ၊ ထိုးထွင်းမြင်ခဲ့တဲ့ စွမ်းအားရှင်တွေသာ မရှိခဲ့ရင် လူက အတိတ်မှာ ပဲ ချုပ်ငြိမ်းသွားခဲ့ပြီး အနာဂတ်ကမ္ဘာသစ်တောင် မွေးဖွားသန့်စင်ပြီး ဖြစ်နေခဲ့ ပါလိမ့်မယ်။

ကိုယ့်ကို သုညဖြစ်သွားစေပြီး သန့်ရှင်းဖြူစင်သွားအောင် လုပ်လိုက်ပါ။ အာဒမ်နဲ့ ဧဝ ပြန်ဖြစ်သွားလိုက်ပါ။ နောက်တစ်ခါ ကောင်းကင်ဘုံက ဘုရားအမိန့်ကို ငြင်းပယ်လိုက်ပါ။ အဲဒီတော့မှ ပဲ အနာဂတ်အိပ်မက်ကို ပုံဖော်ဖို့ အလားအလာရှိလာပါလိမ့်မယ်။

ကမ္ဘာလောကကြီးတစ်ခုလုံးအကြောင်း မစဉ်းစားပါနဲ့ ၊ တကယ်လို့ လူ တ ချို့ မှာ စစ်မှန်တဲ့ ပုန်ကန်မှုခံယူချက် ပေါ်ပေါက်လာမယ်ဆိုရင် အလုပ် စတင်ဖြစ်လာပါလိမ့်မယ်။ မျိုးစေ့ကလေး သေးသေးကလေးကပဲ ကမ္ဘာကြီးတစ်ခုလုံးကို စိမ်းလန်းစိုပြည်စေနိုင်ပါတယ်။ ပုန်ကန်တဲ့ လူတစ်ယောက်က

ကမ္ဘာသစ်တစ်ခုကို ပေါ်ပေါက်စေနိုင်တယ်။ လုံးဝ ကမ္ဘာသစ်တစ်ခုကို ပေါ်ပေါက်စေနိုင်တယ်။

ကျွန်တော် စုပေါင်းတော်လှန်ရေးဘက်တော်သား မဟုတ်ဘူး ။ ဒီလိုအစုအဝေးတွေက လူရဲ့ ပင်ကိုဓာတ်ကို ဖျက်ဆီးပစ်တတ်လို့ ပဲ။ ကျွန်တော် လူ့ဂုဏ်အရည်အချင်းဘက်တော်သားပါ။ လူ့ထက်မြင့်မြတ်တာ မရှိတော့ပါဘူး။ ကျွန်တော်တို့ အဲဒီလို အဟု န်နဲ့ 'အဏုမြူခုန်ပျံကျော်လွှားမှု' မျိုးကို လုပ်ရပါလိမ့်မယ်။ စုပေါင်းဘဝနဲ့ ပုဂ္ဂိုလ်ရေး ရပ်တည်နိုင်မှုတွေကို သင်ယူလေ့ကျင့် ရပါလိမ့်မယ်။

ဒါ ဖြစ်နိုင်တဲ့ ကိစ္စပဲ။ တကယ်လို့ အဲဒါ ကျွန်တော့်အတွက် မှန်ကန်တယ်ဆိုရင် ဘယ်သူ့အတွက်မဆို မှန်ကန်နိုင်ပါတယ်။ ပုဂ္ဂိုလ်ရေးမီး ကူးဆက်လာရင် အများ အတွက် ဖြစ်သွားပါလိမ့်မယ်။

အကြောင်းကတော့ လူတိုင်း အတွင်းစိတ်ထဲမှာ ဒုက္ခခံစားနေကြရလို့ ပါပဲ။ လူက တကယ်ပဲ ဒုက္ခငြိမ်းချင်ပါတယ်။ ဒုက္ခကင်းဝေးချင်းပါတယ်။ ဒုက္ခကနေ လွတ်မြောက်ချင်ကြပါတယ်။

ရှေးက ကမ္ဘာဟောင်းက ရှင်သန်မှုနဲ့ မပတ်သက်ဘဲ ပုံစံနဲ့ ပဲ ပတ်သက်နေခဲ့ပါတယ်။ ရှေးက ပုံစံက သေနေပါပြီ။ တကယ်လို့ လူတချို့ကို အသစ်အတွက် ကာကွယ်ထားနိုင်မယ်ဆိုရင် အခြားမီးတောက်တွေလည်း အသစ်ဖွံ့ဖြိုးလာပါလိမ့်မယ်။

အဟောင်းအတွက် ပူပန်နေရမယ့်အစား အသစ်အတွက် ပျော်ရွှင်မှုကို ရယူပါ။ ဒါကသာ လူသားတွေအတွက် ကုသချက်အမှန်ဖြစ်တယ်။

* * *